## “ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်ထုတ်လုပ်နိုင်ရေးအတွက် သောက်ရေသန့်လုပ်ငန်းများအား သင်တန်းပို့ချခြင်းနှင့် သောက်ရေသန့်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးစီမံချက်”

**နိဒါန်း**

၁။ ရေသည် လူသားတို့၏မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ ပြည်သူများ နေ့စဉ်သောက်သုံးလျက်ရှိသော သောက်ရေသန့်များသည်လည်း ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီမှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လျှောက်ထားလာသော သောက်ရေသန့်လုပ်ငန်းများအား ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ နေပြည်တော်ခရိုင်ရုံးခွဲများမှ ဈေးကွက်အတွင်းနမူနာ သောက်ရေသန့်ဗူးများအား ဈေးကွက်နမူနာများကောက်ယူစစ်ဆေးခြင်း တိုင်ကြားခြင်းခံရသော သောက်ရေသန့်လုပ်ငန်းများသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း သောက်ရေသန့်လုပ်ငန်းများအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေး စီမံချက်အရ ၁/၂၀၁၇ တွင် နေပြည်တော်အတွင်းရှိ သောက်ရေသန့်လုပ်ငန်း(၄၂) ခုအား ဒက္ခိဏခရိုင်နှင့်ဥတ္တရခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ ရှောင်ခင်ဝင်ရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ ၎င်း(၄၂) ရုံတွင်(၈) ရုံမှာ ထောက်ခံချက်လျှောက်ထားခြင်းမရှိသော စက်ရုံ(၁) ရုံ၊ လျှောက်ထားဆဲ(၇)ရုံ၊ သက်တမ်းမရှိ(၈) ရုံနှင့် သက်တမ်းရှိ (၂၆) ရုံတို့ ဖြစ်ပါသည်။ ၎င်းစက်ရုံများမှ ရေသန့်နမူနာ(၃၉)မျိုးအား နမူနာကောက်ယူစစ်ဆေးရာ (၃၂)မျိုးမှာ အဏုဇီဝသတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိကြောင်း ဓာတ်ခွဲစစ်ဆေးတွေ့ရှိခဲ့ပါသည်။ စက်ရုံများအား ကွင်းဆင်းစစ်ဆေးရာတွင်လည်း လုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများမှာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်၊ ရေသန့်စင်မှုနည်းစနစ်များနှင့် အရည်အသွေးစစ်ဆေးခြင်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတ အားနည်းနေပါကြောင်း၊ ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာတွင်လည်း ရေသန့်လုပ်ငန်းများမှာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်နိုင်မှုအားနည်းနေပြီး လိုက်နာမှုမရှိပါကြောင်း တွေ့ရှိရ၍ သောက်ရေသန့်လုပ်ငန်းများ

အား ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်ထုတ်လုပ်နိုင်ရန်အတွက် “ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်ထုတ်လုပ်နိုင်ရေးအတွက် သောက်ရေသန့်လုပ်ငန်းများအား သင်တန်းပို့ချခြင်းနှင့် သောက်ရေသန့်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးစီမံချက်” အား တင်ပြရခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ သောက်ရေသန့်လုပ်ငန်းများ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်ထုတ်လုပ်နိုင်ရန် ဝိသေသရည်ရွယ်ချက်

(က) သောက်ရေသန့်လုပ်ငန်းရှင်များအား ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်ပတ်သက်၍ သေချာစွာသိရှိနားလည်စေရန်၊

(ခ) ရေသန့်စင်မှုနည်းစနစ်နှင့်အရည်အသွေးစစ်ဆေးခြင်းများအကြောင်း သေချာစွာ သိရှိနားလည်စေရန်၊

(ဂ) သောက်ရေသန့်လုပ်ငန်းများအတွက် ရေသန့်ထုတ်လုပ်ရန် အနည်းဆုံးလိုအပ်ချက်များအား သိရှိစေရန်၊

(ဃ) အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လျှောက်ထားခြင်းလုပ်ငန်းစဉ်နှင့် အမှတ်တံဆိပ် သတ်မှတ်ချက်များအကြောင်း သေချာစွာနားလည်စေရန်၊

(င) ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်အား လက်တွေ့ကျင့်သုံးနိုင်စေရန် ।

**စီမံချက်ကာလ**

၃။ သင်တန်းအား ၂၀၁၉ ခုနှစ်၊ ဖွန်လ၊ ဒုတိယအပတ်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးမှုများအား ဇူလိုင်လ ဒုတိယအပတ်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

**စီမံချက်ဆောင်ရွက်မည့်နေရာ**

၄။ (က) သင်တန်းကျင်းပမည့်နေရာ–

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော် အစည်းအဝေးခန်းမ

(ခ) စီမံချက်ဆောင်ရွက်မည့်လုပ်ငန်းများ– နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းမှ

ရေသန့်လုပ်ငန်းများအားလုံး

**၅။ သင်တန်းခေါ်ယူမည့် သောက်ရေသန့်လုပ်ငန်းအရေအတွက်**

| စဉ် | ခရိုင် | ဖူးသွင်းသောက်ရေသန့်လုပ်ငန်း အရေအတွက် |
|---|---|---|
| ၁။ | ဒက္ခိဏခရိုင် | ၃၂ |
| ၂။ | ဥတ္တရခရိုင် | ၁၈ |
| စုစုပေါင်း | | ၅၀ |

မှတ်ချက်။ - လုပ်ငန်းတစ်ခုလျှင် တာဝန်ခံ (၁) ဦးနှုန်းဖြင့် ပြုလုပ်သွားမည် ဖြစ်ပါကြောင်း

- သင်တန်းကာလတစ်ရက်ဖြင့် သင်တန်းသား(၅၀)ဦးအား

သင်တန်းတစ်ကြိမ်ပြုလုပ်သွား

ပါမည်။

- ထောက်ခံချက်လျှောက်ထားဆဲလုပ်ငန်းများနှင့်လုပ်ငန်းလုပ်လိုသောစိတ်ဝင်စားသည့် လုပ်ငန်းရှင်များရှိပါက နောက်ထပ်သင်တန်းတစ်ကြိမ်ပြုလုပ်သွားပါမည်။